# ၂၀၁၂ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ
## ( ၂၀၁၂ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ဥပဒေအမှတ် ၁/၂၀၁၂ )

၁၃၇၃ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၄ ရက်

( ၂၀၁၂ ခုနှစ်၊ မတ်လ ၂၁ ရက် )

ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)
## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၂ ခုနှစ်၊ ဧရာဝတီတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေး ဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၁-၂၀၁၂ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်ရမည်။

## အခန်း (၂)
## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) တိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးဝန်ကြီးဌာနများ၊

(ခ) ပုဒ်မခွဲ (က) တွင် ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည် ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟု မှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါ တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိအား တာဝန်ပေးအပ်သည့် သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိ လုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီးအား လွှဲအပ် ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကို စီမံခန့်ခွဲရာတွင် ဤဥပဒေပါ ပြဋ္ဌာန်းချက်များ၊ ၂၀၁၁ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊ သက်ဆိုင်ရာ ဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

(ပုံ) ဦးသိန်းအောင်
ဝန်ကြီးချုပ်
ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့

# ဧရာဝတီတိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းများ

ဇယား (၁)
(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၁ ခုနှစ်၊ နိုင်ငံတော်၏ ဘဏ္ဍာငွေ အရအသုံး ဆိုင်ရာ ဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | |
|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| ၁ | ၈ | အလုပ်သမား | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၀. ၄၅၁ | | | | | | |
| ၂ | ၁၀ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၀. ၃၃၀ | | | | | | |
| ၃ | ၁၈ | စည်ပင်သာယာရေးအဖွဲ့များ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၃၀. ၈၆၆ | | | | | | |
| | | ပေါင်း | | ၃၁. ၆၄၇ | | | | | | |